
## ၁၀.၂။ အချက်အလက်များကို စစ်ထုတ်ကြည့်ခြင်း


ဒေတာများကို စစ်ထုတ် ရွေးချယ်၍ ကြည့်လိုပါက Data Tab အောက်က ကတော့ပုံကို ရွေးပါ။ (Alt > A > T)
Filter ကိုပြန်ဖြုတ်ချင်ရင် Data Tab အောက်က မီးခိုးရောင်အကွက်ဖြစ်နေတဲ့ ကတော့ပုံကိုပြန်နှိပ်ပါ။ (Alt >A >T)





| | A | B | C | D |
|---|---|---|---|---|
| 4 | Year | Male | Female | Total |
| 6 | 2005 | 62.3 | 65.7 | 64.1 |
| 7 | 2006 | 62.7 | 66.3 | 64.6 |
| 10 | 2009 | 64.5 | 68.4 | 66.5 |
| 12 | 2011 | 64.9 | 68.7 | 67.3 |

**သတိပြုရန်** - Data Table တွင် Filter ဝင်နေပါက row နံပါတ်ဂဏန်းများသည် အပြာရောင် ဖြစ်နေသည်ကို တွေ့ရလိမ့်မည်။ ကတော့ပုံလေး ပေါ်နေသော ကော်လံမှာ Filter လုပ်ထားသော ကော်လံဖြစ်သည်။


အကယ်၍ ထပ်ပြီး အသေးစိတ်စစ်ထုတ်လိုပါက "Filter" ပေါ်တွင် click တစ်ချက်နှိပ်ပြီး "Text/Number Filters" တွင်ထပ်နှိ



### ၁၀.၃။ တူညီနေသော အချက်အလက်များကို ဖယ်ရှားခြင်း


တူညီနေသော အချက်အလက်များကို ဖယ်ရှားလိုပါက အရင်ဆုံး ကိုယ်ဖယ်ချင်တဲ့ အချက်အလက်ပါရှိသည့် ဧရိယာကို select မှတ်ပါ၊ Data Tab အောက်က Remove Duplicates ကို ရွေးပါ။ (Alt > A > M)




### ၁၀.၄။ Column (သို့မဟုတ်) Row အချို့ကို မရွေ့အောင် ပြုလုပ်ခြင်း

- ပထမဆုံး Row ကို မရွေ့လိုပါက View Tab > Freeze Panes > Freeze Top Row ကိုရွေးပါ။(Alt>W>F>R)
- ပထမဆုံးColumn ကို မရွေ့လိုပါက View Tab >Freeze Panes >Freeze First Column ကိုရွေးပါ။ (Alt>W>F>C)
- Row/Column များကို စိတ်ကြိုက်ချန်ထားလိုပါက


ကိုယ်ချန်ထားလိုသော Row ၏အောက်ဘက်ရှိ အကွက် (သို့) ကိုယ်ချန်ထားလိုသော Column ၏ဘေးဘက်ရှိ အကွက်တွင် နေရာချပြီး View Tab > Freeze Panes > Freeze Panes ကိုရွေးပါ။ (Alt > W > F > F)




ဥပမာ- Row1 နှင့် ColumnA ကို ချန်ထားလိုပါက B2 တွင်နေရာချပြီး Freeze လုပ်ပါ။

Freeze လုပ်ထားတာကို ပြန်ဖြုတ်လိုပါက ယခင်အတိုင်း View Tab > Freeze Panes > Unfreeze Panes ကို ပြန်ရွေးပါ။ (Alt > W > F > F)


### ၁၀.၅။ Clear Contents နှင့် Delete တို့၏ ကွာခြားမှု




cell ကွက်အတွင်းရှိစာသားများကို ဖျက်ပစ်ချင်ရင် - cell ကွက်ပေါ်တွင် right click > Clear Contents (ကီးဘုတ်က Delete Key ကို နှိပ်တာနဲ့ အတူတူဖြစ်သည်။)

cell ကွက်ပေါ်တွင် right click > Delete ကို ရွေးချယ်လိုက်ပါက ရွေးချယ်ထားသော cell ကွက် ကိုဖြုတ်ထုတ်ခြင်း (သို့) cell ကွက် ရှိသော row/column တစ်ခုလုံးကို ဖျက်ပစ်ရန် (row delete/ column delete) အတွက်ဖြစ်သည်။

Shift cells left ကို ရွေးရင် ကိုယ် select လုပ်ထားသော cell ကွက်ကို ဖြတ်ထုတ်လိုက်ပြီး ၎င်း၏ညာဘက် cell ကွက်များမှ Data များ သည် ဘယ်ဘက် (ဖျက်လိုက်သောအကွက်)သို့ ရွှေ့သွားမည် ဖြစ်သည်။ ထိုနည်းတူ Shift cells up ကို ရွေးရင် အောက်ဘက် cell ကွက်များမှ Data များ သည် ဖျက်လိုက်သော အကွက်ရှိရာ အပေါ်ဘက်သို့ ရွှေ့သွားမည် ဖြစ်သည်။




Entire row/ Entire column ဆိုရင် select လုပ်ထားသော cell ကွက်ရှိသည့် row/column တစ်ခုလုံးကို ဖျက်ပစ်လိုက်မည် ဖြစ်သည်။

**လက်တွေ့လေ့ကျင့်ခန်း**

“BasicExcel_Exercise_2Aug2017” file ကိုဖွင့်ပြီး အောက်ပါတို့ကိုလုပ်ဆောင်ပါ။

၁။ ပထမဆုံးလိုင်းအား အမြဲပေါ်နေစေရန် “Freeze” လုပ်ပေးပါ။

၂။ cell အတွင်းရှိ အချက်အလက်များအားလုံး မြင်သာစေရန် ကော်လံ၏ အကျယ်ကို ချဲ့ပေးပါ။

၃။ အချက်အလက်များအား sorting ပြုလုပ်ပါ။ (ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာ အလိုက်)

၄။ ခရိုင်ကုဒ်အား ခရိုင်အမည်နားနှင့် မြို့နယ်ကုဒ်အား မြို့နယ်အမည်နားသို့ရွှေ့ပါ။

၅။ အင်္ဂလိပ်လိုပေါင်းထားသော အမည်များရှိသည့် ကော်လံများကို ဖွက်/Hide လုပ်ပါ။

၆။ မည်သည့်အချက်အလက်မှ မရှိသည့် ကော်လံအား ဖျက်ပါ။

၇။ ရွာအမည်တွင် “Hko” ပါသောရွာများကို ရှာပြီး “Hko” ကို “Kho” ဖြင့် အစားထိုးပေးပါ။

၈။ ရွာအမည်တွင် “Daw” မပါသော ရွာများကို စစ်ထုတ်ကြည့်ပါ။

၉။ ရွာအမည်အစတွင် “L” ဖြင့် စသောရွာများကို စစ်ထုတ်ကြည့်ပါ။

၁၀။ ရွာအမည်တွင် “ကူး” ပါသောရွာများကို စစ်ထုတ်ကြည့်ပါ။

၁၁။ “စီဆော်” ပါသော ရွာအမည်ရှိ cell ကွက်တွင် “ဒေသအခေါ်” ဟု comment ထည့်ပေးပါ။